ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်များ (Environmental Quality Guidelines – EQG) (မူကြမ်း) နှင့်ပတ်သက်သည့် ရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်မှ ပြောကြားမည့် အဖွင့်အမှာစကား

၁။ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်များ (Environmental Quality Guidelines – EQG) (မူကြမ်း) နှင့်ပတ်သက်သည့် ရှင်းလင်းပွဲသို့ ကြွရောက်လာကြတဲ့

- ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ အဖွဲ့ဝင်များ၊
- သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နှင့် ညီနောင်အသင်းများ၊ စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊
- အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

၂။ ၂၀၁၂ ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)၏ ပုဒ်မ (၁၀) ၌ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်နိုင်သည်ဟု ဖော်ပြပါရှိပါတယ်။ ဒါ့အပြင် အမျိုးသားအဆင့် စံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်အတွက် စံချိန်စံညွှန်းများဆိုင်ရာ Focal Point ဖြစ်တဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ(၁၉)ခု ဖွဲ့စည်းခဲ့ပါတယ်။ ထိုစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ(၁၉)ခုထဲမှာ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး အမျိုးသားအဆင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ရန် အချိန်ယူရမှာဖြစ်ပါတယ်။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများကို ချမှတ်နိုင်ဖို့ ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ နေပြည်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ် (၁၈)၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော သဘာဝသယံဇာတများတူးဖော် ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချရေးဆိုင်ရာ ဒုတိယအကြိမ်အစည်းအဝေး၌

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် "Environmental Quality Standards အား ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်နှင့် Standards မထုတ်ပြန်နိုင်မီ ကြားကာလအတွင်း စံချိန်စံညွှန်းဆိုင်ရာ လိုက်နာဆောင်ရွက်နိုင်ရန် Environmental Quality Guidelines အား ၂၀၁၅ ခုနှစ် မတ်လကုန် အပြီးထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ထို့အတွက်ကြောင့် Environmental Quality Guidelines အား ၂၀၁၅ ခုနှစ် မတ်လကုန် အပြီးထုတ်ပြန်နိုင်ရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အာရှဖွံ့ဖြိုးမှုဘဏ်မှ Environmental Safeguards and Monitoring Specialist ဖြစ်သူ Mr. Iain Watson နှင့် International Management Group မှ အမျိုးသားနည်းပညာအကြံပေးဖြစ်သူ ဦးရန်မင်းအောင်တို့ ပူးပေါင်း၍ ရေးဆွဲဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အဲဒီ့ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး လမ်းညွှန်ချက်များ (Environmental Quality Guidelines – EQG) (မူကြမ်း) အား ရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။

၄။ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး စံချိန်စံညွှန်းများ ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာမှာ Asian Development Bank (ADB) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ၂၀၁၃ ခုနှစ်မှ စတင်၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ခဲ့ရာမှာ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တို့တွင် လက်ရှိအသုံးပြုနေသော အရည်အသွေး စံချိန်စံညွှန်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဓာတ်ခွဲခန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများကို တိုင်းတာစစ်ဆေးနိုင်မှု အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အချက်အလက်များ တောင်းခံ၍ Asian Development Bank (ADB) သို့ ပေးပို့ခဲ့ပါတယ်။ အဆိုပါအချက်အလက်များနှင့် နိုင်ငံတကာတွင် လက်ခံအသုံးပြုလျက်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများဖြစ်သည့် International Finance Corporation (IFC)မှ ကဏ္ဍအလိုက် လမ်းညွှန်ချက်များကို အကိုးအကားပြု ရေးဆွဲခြင်း၊ ထို့အပြင် မြန်မာနိုင်ငံရှိ စက်ရုံအမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (EIA Procedure Annex – 1) တွင်ပါရှိသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းနှင့် သတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ပြီး ရေးဆွဲခြင်း၊ စက်ရုံ

အမျိုးအစားများ၊ IFC မှ လုပ်ငန်းအမျိုးအစားနှင့် နှိုင်းယှဉ်ပြီး ရေးဆွဲခြင်းများကိုလည်း ဆောင်ရွက်ခဲ့ခြင်းတို့ဖြင့် ယခုရှင်းလင်းဆွေးနွေးမည့် ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး လမ်းညွှန်ချက်များ (Environmental Quality Guidelines – EQG) (မူကြမ်း) ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။

၅။ ၂၀၁၂ ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)၏ ပုဒ်မ (၁၀) ၌ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့်

(က) မြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းများ

(ခ) ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝဒေသများအတွက် ရေအရည်အသွေး စံချိန်စံညွှန်းများ

(ဂ) မြေအောက်ရေအရည်အသွေး စံချိန်စံညွှန်းများ

(ဃ) လေထုအရည်အသွေး စံချိန်စံညွှန်းများ

(င) အသံနှင့်တုန်ခါမှု စံချိန်စံညွှန်းများ

(စ) ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများ

(ဆ) စွန့်ထုတ်အရည် စံချိန်စံညွှန်းများ

(ဇ) စွန့်ထုတ်အစိုင်အခဲ စံချိန်စံညွှန်းများ

(ဈ) အခြားပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်နိုင်သည်ဟု ဖော်ပြပါရှိပါတယ်။ ဒါ့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ရန် တာဝန်လည်း ရှိပါတယ်။

၆။ ထို့အတူ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများမှ အခန်း (၇)၏ ပုဒ်မ (၃၈)တွင် ပုဒ်မခွဲ (က)တွင် "ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မ ၁၀ ပါ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို နိုင်ငံတစ်ဝန်းလုံးအတွက် ဖြစ်စေ၊ ဒေသ သို့မဟုတ် မြို့ရွာသို့မဟုတ် နယ်မြေ၊ ဧရိယာ၊ မြစ်ချောင်း အင်းအိုင် တစ်ခုခု အတွက်ဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းတစ်ခုခုအတွက်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်နိုင်သည်။ ပုဒ်မခွဲ (ခ)တွင်လည်း နည်းဥပဒေခွဲ(က)အရ "ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ရာတွင် စံချိန်စံညွှန်းသတ်မှတ်ရန် တာဝန်ပေးအပ်ခြင်းခံရသော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒေသဆိုင်ရာ စည်ပင်

သာယာရေးအဖွဲ့တို့နှင့်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လည်းကောင်း လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။" ဟု ဖော်ပြထားပါတယ်။

၇။ ထို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး လမ်းညွှန်ချက်များကို ရေးဆွဲဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါတယ်။ ယခုရှင်းလင်းပွဲတွင် ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး လမ်းညွှန်ချက်များ(မူကြမ်း)တွင် ပါရှိသော စက်မှုလုပ်ငန်း အမျိုးအစားများ၊ Parameter များ၊ အဆိုပါ Parameter များ၏ တန်ဖိုးများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး ရှင်းလင်းခြင်းနှင့် ဆွေးနွေးအကြံပြုခြင်း အစီအစဉ်များ ပါဝင်ပါတယ်။

၈။ နိဂုံးချုပ်အနေဖြင့် ယခုရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများမှ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး လမ်းညွှန်ချက်များ (Environmental Quality Guidelines – EQG) (မူကြမ်း) အပေါ် သုံးသပ် အကြံပြုချက်များ ပေးစေလိုပါကြောင်း ပြောကြားအပ်ပါတယ်။